**ကေအဲန်ယူ- ကရင်အမျိုးသားအစည်းအရုံး**
**ဗဟိုဌာနချုပ်**
**ကော်သူးလေ**
www.knuhq.org

နေ့စွဲ။ ။ ၂၀၂၂ ခုနှစ်၊ နိုဝင်ဘာလ (၁) ရက်၊

## ကေအဲန်ယူ-ကရင်အမျိုးသားအစည်းအရုံး မှ (၃၄) နှစ်ပြည့် မြန်မာနိုင်ငံလုံးဆိုင်ရာကျောင်းသားများ ဒီမိုကရက်တစ်တပ်ဦး(ကျောင်းသားတပ်မတော်) အခမ်းအနားသို့ ပေးပို့သော သဝဏ်လွှာ

၂၀၂၂ ခုနှစ် နိုဝင်ဘာလ(၁)ရက်နေ့တွင် ကျရောက်သည့် (၃၄)နှစ်ပြည့် မြန်မာနိုင်ငံလုံးဆိုင်ရာကျောင်းသားများ ဒီမိုကရေစီ တပ်ဦး(ကျောင်းသားတပ်မတော်- ABSDF)အခမ်းအနားတွင် စစ်အာဏာရှင်စနစ်ကို ဆန့်ကျင်ပြီး ဒီမိုကရေစီအတွက်တိုက်ပွဲဝင်ကာ အတူတကွယှဉ်တွဲနေထိုင်သည့် ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စု တည်ဆောက်ရေး ရည်မှန်းချက်ဖြင့် တိုက်ပွဲဝင်နေကြသော ကျောင်းသားလူငယ်များအားလုံး ဘေးရန်ကင်းရှင်းပြီး ကျန်းမာပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

၁၉၈၈ ခုနှစ် တွင် ဖြစ်ပေါ်ခဲ့သော နိုင်ငံတဝှမ်း ဒီမိုကရေစီရေး တောင်းဆိုသော ပြည်သူ့လှုပ်ရှားမှုမှ ပေါက်ဖွားလာသည့် ABSDF သည် စက်တင်ဘာလ(၁၈)ရက်နေ့တွင် တပ်မတော်မှ အာဏာသိမ်းယူ လိုက်ခြင်းကြောင့် ဒီမိုကရေစီရရှိရေးအတွက် ဆက်လက်၍ လက်နက်ကိုင်တိုက်ပွဲဖြင့် တွန်းလှန်တော်လှန်တိုက်ခိုက်ရန် ကျောင်းသားလူငယ်များစွာတို့သည် တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေး နယ်မြေဒေသများဆီသို့ ရောက်ရှိလာပြီး ၁၉၈၈ ခုနှစ် နိုဝင်ဘာလ(၁)ရက်နေ့တွင် ကေအဲန်ယူ-ကရင်အမျိုးသားအစည်းအရုံး ၏ ကော်မူးရာ(ဂမ်းခ)စခန်းတွင် မြန်မာနိုင်ငံလုံးဆိုင်ရာကျောင်းသားများ ဒီမိုကရေစီတပ်ဦး (ကျောင်းသားတပ်မတော် - ABSDF) အဖြစ် မွေးဖွားဖြစ်တည်လာခဲ့သည်။

ABSDF သည် ၁၉၈၈ ခုနှစ်မှစတင်၍ KNU ၏ မိတ်ဖက်အဖွဲ့အစည်းတခုအဖြစ် ရပ်တည်ကာ အာဏာရှင်စနစ် တိုက်ဖျက်ရေးနှင့် ဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေးဆိုင်ရာတို့တွင် နိုင်ငံရေးအရ၊ စစ်ရေးအရ၊ စည်းရုံးရေးအရ၊ သံတမန်ရေးရာအရ အစရှိသည့် လှုပ်ရှားမှုအသီးသီးတွင် တက်ကြွစွာပါဝင်ခဲ့သလို ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ(၁)ရက်နေ့ တွင် အာဏာသိမ်းယူခဲ့သည့် တပ်မတော်ကို ဆန့်ကျင်တော်လှန်သော မျိုးဆက်သစ် ကျောင်းသားလူငယ် G-Z များနှင့်အတူ ၁၉၈၈ ခုနှစ်မှ ၂၀၂၂ ခုနှစ် အထိ မပြီးဆုံးသေးသော သမိုင်းပေး တာဝန်များအား ဆက်လက်သယ်ဆောင်ပြီး နွေဦးတော်လှန်ရေးတွင်လည်း တော်လှန်သူ မဟာမိတ်တပ်ဖွဲ့များနှင့် အတူ ဆက်လက်ပြီး စုစုစည်းစည်းဖြင့် စုပေါင်း တော်လှန် တိုက်ပွဲဝင်နေသည့်အတွက် မိမိတို့ KNU - ကရင်အမျိုးသားအစည်းအရုံး အနေဖြင့် များစွာ ဂုဏ်ယူဝမ်းမြောက်ပါသည်။

မြန်မာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများ ဒီမိုကရက်တစ်တပ်ဦး(ABSDF)၏ (၃၄)နှစ်တာ ကာလအတွင်း ဒီမိုကရေစီ ရရှိရေး၊ တန်းတူရေးနှင့်ကိုယ်ပိုင်ပြဌာန်းရေးဆွဲပိုင်ခွင့်ကို အာမခံသည့် ဖွဲ့စည်းပုံအခြေခံဥပဒေ တစ်ရပ် ပေါ်ပေါက်လာရေးနှင့် ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စုတည်ဆောက်ရေး ဆိုသည့် တိုက်ပွဲ တလျှောက်လုံးတွင် ဘဝနှင့် အသက်ပေါင်းများစွာကို ပေးဆပ်သွားကြသည့် တိုက်ပွဲဝင် ကျောင်းသားလူငယ်များတို့အား ဦးညွတ်ဂုဏ်ပြုလျှက် မပြီးဆုံးသေးသည့် စစ်အာဏာရှင်စနစ် အပါအဝင်၊ အာဏာရှင်စနစ်များ ချုပ်ငြိမ်းပြီး ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စုသစ်ကြီးကို ထူထောင်နိုင်သည့်အထိ အတူတကွ ဆက်လက် တိုက်ပွဲဝင်သွားပါရန်ကိုလည်း တိုက်တွန်းရင်း ဤဂုဏ်ပြုသဝဏ်လွှာအား ပေးပို့အပ် ပါသည်။

ဗဟိုအလုပ်မှုဆောင်ကော်မတီ
ကေအဲန်ယူ - ကရင်အမျိုးသားအစည်းအရုံး